## 1 အရေးပေါ်ဖြစ်ပွားစဉ်

### 1-3 အရေးပေါ်လူနာ

F ဆေးဝါးကုသမှု (2-1 ရုတ်တရက်အရေးပေါ်ရောဂါ၊ဒါဏ်ရာကြောင့်အရေးပေါ်လူနာတင်ယာဉ်ခေါ်လိုလျှင်) ကိုကြည့်ပါ။

### 1-4 မီးလောင်မှု

**(1)မီးလောင်မှုဖြစ်ပွားသည့်အခါ**

မီးလောင်မှုဖြစ်ပွားသည့်အခါ(ခရိုဒ! အမိပွဲယ်မှာမီးဂျို့) ဟုကျယ်လောင်သောအသံဖြင့် အိမ်နီးနားချင်းများအား အသိပေးရန်။ မျက်နှာကြက်တွင်မီးစွဲခြင်း၊ မီးကူးခြင်းစသဖြင့် မိမိကိုယ်တိုင်မီးမငြိမ်းသတ်နိုင်သော အခါ ချက်ချင်းမီးသတ်ဌာန(နံပါတ် 119)သို့တယ်လီဖုန်းဖြင့်အကြောင်းကြားပါ။

**(2)မီးဘေးသင့်ကြောင်းထောက်ခံစာ**

မီးဘေးအန္တရာယ်ကြောင့်အရေးကြီးသောအဆောက်အအုံနှင့်အိမ်ပစ္စည်းများလောင်ကျွမ်းသွားသည့်အခါ၊ မီးဘေးအာမခံတောင်းခံခြင်း၊အခွန်ငွေလျော့ခြင်း၊အခွန်ကင်းလွတ်ခြင်းစသည့်လျှောက်ထားခြင်းများဆောင်ရွက်ရန်အတွက်”မီးဘေးသင့်ကြောင်းထောက်ခံစာ”လိုအပ်ပါမည်။ “မီးဘေးသင့်ကြောင်းထောက်ခံစာ”သည်မီးသတ်ဂန်ထမ်းက မီးဘေးအန္တရာယ်ကျရောက်သည့်နေရာအားစစ်ဆေးခြင်း၊ စုံစမ်းခြင်းပြုလုပ်ပြီးမှ သာထုတ်ပေးပါသည်။ မလျှောက်ထားမီ သက်ဆိုင်ရာမီးသတ်ဌာနသို့အသေးစိတ်မေးမြန်းစုံစမ်းရပါမည်။